# Civic Education အကြောင်း တစေ့တစောင်း

၂၀ ရာစုနှောင်းပိုင်း ကာလမှာ နိုင်ငံရေး သီအိုရီ တခုဖြစ်တဲ့ Civic Education အကြောင်းကို ပညာရှင်တွေရဲ့ စိတ်ဝင် တစား လေ့လာမှုတွေ တစတစ ကျယ်ပြန့် လာခဲ့ပါတယ်။ နိုင်ငံသားကောင်းဖြစ်ဖို့ဆိုတာ လုပ်ယူရတာ ဖြစ်တယ်။ မွေးကတည်းက ဖြစ်လာတာ မဟုတ်ဘူး ဆိုတာကို လူအများက ပိုပြီး လက်ခံလာခဲ့ကြပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံရေး အဆောက်အအုံ တခု ဖြစ်ထွန်းလာဖို့အတွက် သင့်လျော်တဲ့ အသိပညာ၊ အတတ်ပညာနဲ့ စာရိတ္တမြင့်မားတဲ့ နိုင်ငံသားတွေ လိုအပ်တယ် ဆိုတဲ့ အချက်ကို နိုင်ငံခေါင်းဆောင်များက တညီတညွတ်တည်း လက်ခံလာကြပါတယ်။ ဒါပေမယ့် အသိပညာ၊ အတတ်ပညာနဲ့ စာရိတ္တမြင့်မားတဲ့ နိုင်ငံသားတွေ များပြားလာအောင် ဘယ်လို လုပ်မလဲ ဆိုတာက မေးစရာ ဖြစ်လာပါတော့တယ်။ စာသင်ကျောင်းတွေ၊ တက္ကသိုလ် ပညာရေးတွေနဲ့တင် မလုံလောက်ဘူးဆိုတာကိုလဲ သိမြင်လာကြပါတယ်။

## Civic Education ဆိုရာဝယ်

Civics ဆိုတာ နိုင်ငံသားအခွင့်အလမ်းနဲ့ တာဝန်တွေကို လေ့လာခြင်း ဖြစ်ပါတယ်။ Civic Education ဆိုတာကတော့ ဒီလို နိုင်ငံသားအခွင့်အလမ်းနဲ့ တာဝန်တွေ၊ နိုင်ငံရေး အင်စတီကျူးရှင်းတွေနဲ့ ပြည်သူ့ရေးရာ မူဝါဒတွေကို လူအများသိရှိလာအောင် ပညာပေးခြင်းပဲ ဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက် မူကွဲတွေ အမျိုးမျိုးရှိပေမယ့်" ဘုံအကျိုးစီးပွား ရရှိရေးအတွက် ဆောင်ရွက်ရန်၊ အများပြည်သူအား အစိုးရနှင့် အခြားအဖွဲ့အစည်းများမှ abuse လုပ်ခြင်းနှင့် တိုက်ခိုက်ခြင်းကို ကာကွယ်ပေးရန်၊ ပြည်သူ့ရေးရာကိစ္စရပ်များကို ဝေဖန်ဆန်းစစ်နိုင်သော အသိဉာဏ်ပညာများကို ဖြန့်ဖြူးပေးရန်၊ အသိပညာ ဗဟုသုတများကို ကိုယ်ပိုင်အကျိုးစီးပွားနှင့် အများပြည်သူအကျိုးစီးပွားအတွက် အသုံးပြုရန် ဟူသော ရည်မှန်းချက် မရှိပါက မည်သည့် civic potential မှ ပြည့်စုံမည် မဟုတ်ပေ။ နိုင်ငံသားအခွင့်အလမ်းနှင့် တာဝန်များဆိုင်ရာ အသိပညာ၊ အရည်အချင်း၊ အမြင်နှင့် တန်ဖိုးထားမှုများသည် နိုင်ငံရေးရာကိစ္စရပ်များတွင် နိုင်ငံသားများအားလုံး တာဝန်သိစွာဖြင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ခြင်းကို ဖြစ်တည်လာစေသည်။ သို့ဖြစ်ရာ အဆိုပါ အရည်အသွေးများ မြင့်မားလာစေရန် ဆောင်ရွက်ရေးသည် civic education ၏ mission ဖြစ်သည်" ဆိုတဲ့ mission အပေါ်မှာပဲ အခြေခံထားတာတွေ ဖြစ်ပါတယ်။

နိုင်ငံသားတယောက်ဟာ နိုင်ငံရဲ့ vision ကို သိမြင် နားလည်ရမှာ ဖြစ်ပါတယ်။ အမျိုးသား အကျိုးစီးပွားကို နားလည်ပြီး ကာကွယ်စောင့်ရှောက်တတ်ရပါမယ်။ နိုင်ငံတော်အစိုးရ အုပ်ချုပ်သူများရဲ့ မူဝါဒတွေကို ဆန်းစစ်ဝေဖန်နိုင်စွမ်း ရှိရပါမယ်။ အဓိကများပြည်သူရဲ့ အကျိုးစီးပွားနဲ့ ကိုယ်ပိုင်အကျိုးစီးပွား ယှဉ်တွဲလာတဲ့အခါမှာ အများပြည်သူ အကျိုးစီးပွားကို ဦးစားပေးလိုတဲ့ civic virtue ရှိရပါမယ်။ ဥပမာ- ဖွံ့ဖြိုးဆဲနိုင်ငံအများစုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးစေတဲ့ လာဘ်စားမှု ပြဿနာဟာ civic virtue မရှိတဲ့ ပြဿနာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ civic virtue ဆိုတာမှာ Civic dispositions ( ဒီမိုကရေစီ စနစ် ထွန်းကား ရှင်သန်ရေးကို ဆောင်ရွက်လိုသော နိုင်ငံသားအမြင်၊ အလေ့အထနှင့် စိတ်ထားများ ရှိခြင်း) နဲ့ Civic commitments (ဒီမိုကရေစီစနစ်၏ အခြေခံ တန်ဖိုးများနှင့် စည်းမျဉ်းများအပေါ်တွင် အလေးပေးအာရုံစိုက်မှု) ဆိုတာတွေ ပါဝင်ပါတယ်။

Civic Education ဆိုတာက ဒီလို civic virtue ကို မြှင့်တင်ပေးပြီး ထိရောက်တဲ့ civic participation ဖြစ်လာအောင် ပညာပေးခြင်း ဖြစ်ပါတယ်။ civic participation ဆိုတာက ပြည်သူ့ရေးရာ မူဝါဒတွေကို ဆန်းစစ်ဝေဖန်မှုတွေတင် မဟုတ်ပါဘူး။

ပြည်သူ့ရေးရာ၊ အများပြည်သူအကျိုးစီးပွားစတာတွေနဲ့ ပတ်သက်ပြီး အသိပညာ ဗဟုသုတရှိခြင်း၊ ခံယူချက်ရှိခြင်း၊ နိုင်ငံရေး သမားများနဲ့ အစိုးရအဖွဲ့အစည်းအပေါ် reflective enquiry ပြုလုပ်မှု စတာတွေ ပါဝင်ပါတယ်။ နိုင်ငံသားတယောက်ဟာ စည်းကမ်းမဲ့ လမ်းပေါ်မှာ အမှိုက်လွှင့်ပစ်တာဟာ civic virtue မရှိလို့ပဲ ဖြစ်ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းတယောက်ကို လာဘ်ပေးတာကလဲ civic participation မှာ အားနည်းနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံသားတွေရဲ့ civic virtue ကို မြှင့်တင်ပေးပြီး၊ နိုင်ငံတော်အနာဂတ်လမ်းခရီးမှာ ပူးပေါင်းပါဝင်လာဖို့အတွက် civic education ကို စနစ်တကျ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ civic education ကို ဘယ်လိုအကောင်အထည်ဖော်မလဲ ဆိုတာတွေနဲ့ ပတ်သက်ပြီး အမြင်ကွဲလွဲမှု လေးတွေ ရှိပါတယ်။

## Civic Education ဆိုင်ရာ အမြင်ကွဲပြားမှုများ

ဒီနေရာမှာလဲ ပလေတိုနဲ့ အရစ်တိုတယ်တို့တွေ Civic Education ဆိုတာနဲ့ ပတ်သက်ပြီး ပြောခဲ့စဉ်ကာလ ကတည်းက အ စပြု ဖြစ်ပေါ်လာခဲ့တဲ့ အငြင်းပွားမှုတွေ၊ အမြင်မတူညီမှုတွေက ရှိပါသေးတယ်။ ပြည်သူလူထုကို နိုင်ငံသားနဲ့ ပတ်သက်တဲ့ ပညာပေးမှုတွေဟာ ဘယ်လိုနိုင်ငံရေး အဆောက်အအုံဆိုတာပေါ်မှာ မူတည်ပါတယ်။ ဥပမာ- ဒီမိုကရေစီ စနစ်ထွန်းကားတဲ့ နိုင်ငံတနိုင်ငံမှာ ဒီမိုကရေစီ မဆန်တဲ့ နိုင်ငံရေးအတွေးအခေါ်တွေ၊ ပြုမူလုပ်ဆောင်ချက်တွေကို လက်ခံခြင်း မရှိတဲ့ ဒီမိုကရေ စီ နိုင်ငံသားတွေ ရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံသားတွေဟာ ဒီမိုကရေစီနဲ့ လိုက်လျောညီထွေရှိတဲ့ အသိပညာ၊ အရည်အချင်းနဲ့ စာရိတ္တတွေ ရှိလာဖို့ ကြိုးပမ်းနိုင်မှသာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကနေ ဒီမိုကရေစီ အမြစ်တွယ်ရှင်သန်ခိုင်မာမှု ရှိလာ အောင် ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီနိုင်ငံသားတွေ ပေါ်ထွန်းလာစေရေး ဆိုတာမှာကလဲ ဘယ်လို ဒီမိုက ရေစီ သဘောတရားတွေနဲ့ တိုင်းပြည်ကို တည်ဆောက်မှာလဲ ဆိုတာကို မူတည်လာပြန်ပါတယ်။

နိုင်ငံရေးပညာရှင် March နဲ့ Olsen ဆိုခဲ့ဖူးသလိုပဲ ဒီမိုကရေစီ သဘောတရားရေးရာ ငြင်းခုန်မှုတွေ ဖြစ်တဲ့ ကိုယ်စားပြုမှုနဲ့ တိုက်ရိုက် ပါဝင်ပတ်သက်မှု အကြားက ချိန်ခွင်လျှာ၊ ကိုယ်ပိုင်အကျိုးစီးပွားနဲ့ အများပြည်သူ အကျိုးစီးပွားအကြားက ချိန်ခွင် လျှာ၊ အခွင့်အရေးနဲ့ တာဝန်ယူမှုအကြားက ချိန်ခွင်လျှာ၊ လွတ်လပ်မှုနဲ့ တန်းတူညီမျှမှုအကြားက ချိန်ခွင်လျှာ၊ ညီညွတ်မှုနဲ့ ကွဲပြားခြားနားမှုအကြားက ချိန်ခွင်လျှာ စတဲ့ ချိန်ခွင်လျှာတွေကို နိုင်ငံတော်အစိုးရတွေအနေနဲ့၊ မူဝါဒချမှတ်သူတွေအနေနဲ့ ဘယ်လိုထိန်းညှိမလဲ ဆိုတဲ့ အချက်ပေါ်မှာ မူတည်သွားတတ် ပြန်ပါတယ်။ ဒီလို သဘောတရားရေးရာ ကွဲပြားခြားနားမှု တွေဟာ democratic civic education ကို ဘယ်လို အကောင်အထည်ဖော်သလဲ ဆိုတဲ့အပေါ်မှာ ရိုက်ခတ်လာပါတယ်။ စာသင်ခန်းအခြေပြု ပညာရေးနဲ့ လူ့ရအဖွဲ့အစည်းအခြေပြု လူထုပညာပေး လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့ ပုံ သဏ္ဍာန်တွေဟာ ဒီလိုသဘောတရားရေးရာ ကွဲပြားခြားနားမှုပေါ်မူတည်ပြီး အမျိုးမျိုး ကွဲပြားလာပါတယ်။

ဒါပေမယ့် စာသင်ခန်း အခြေပြုနည်းလမ်း ဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအခြေပြု လူထုပညာပေး နည်းလမ်းဖြစ်ဖြစ်၊ ဘယ်လို သဏ္ဍာန်တွေပဲ သုံးသုံး အဓိကတော့ နိုင်ငံသားတွေအနေနဲ့ ခေတ်၊ စနစ်နဲ့ လျော်ညီတဲ့ နိုင်ငံသားတွေမှာ ရှိရမယ့် အရည်အ ချင်းတွေ၊ အတွေးအခေါ်တွေ၊ ပြုမူဆောင်ရွက်မှုတွေ၊ ကျွမ်းကျင်မှုတွေ ရှိလာဖို့ကသာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ဒီနေရာ မှာလဲ အရည်အသွေးပြည့်ဝတဲ့ နိုင်ငံသားကောင်းတယောက် ဖြစ်လာဖို့အတွက် ဘယ်အတိုင်းအတာအထိ နိုင်ငံရေးသုတနဲ့ civic knowledge တွေ လိုအပ်သလဲ ဆိုတာက မေးစရာ ဖြစ်လာပြန်ပါတယ်။

ပညာရှင်တချို့ကတော့ ဒီမိုကရေစီ နိုင်ငံသားကောင်းဖြစ်ဖို့အတွက် ဒီမိုကရေစီ အုပ်ချုပ်မှုစနစ် (democratic governance) ကို နားလည်ရမယ်၊ ပြည်သူ့ရေးရာ မူဝါဒတွေကို သေသေချာချာ သိနားလည်ရမယ်လို့ သတ်မှတ်ကြပါတယ်။ ပညာရှင်တ

ချို့ကတော့ နိုင်ငံသားတွေဟာ ပြည်သူ့ရေးရာ မူဝါဒတွေကို အသေးစိတ် သိကျွမ်းနားလည်စရာ မလိုအပ်ပေမယ့် အခြေခံ နားလည်မှုနဲ့ ဆန်းစစ်ဝေဖန် နိုင်မှုတော့ ရှိဖို့ လိုအပ်တယ်လို့ ယူဆကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံတနိုင်ငံမှာ တည်ငြိမ်တဲ့ နိုင်ငံရေး အုပ်ချုပ်မှုစနစ်တခု ပေါ်ထွက်လာဖို့မှာ လူထုရဲ့ နိုင်ငံရေးအမြင်ဟာ အဓိကကျတာကြောင့် reasonable judgement ကို ပြုလုပ်နိုင်တဲ့ နိုင်ငံသားတွေ အများအပြား ပေါ်ထွက်လာဖို့ အရေးကြီးကြောင်း ပညာရှင် အများစုက လက်ခံထားကြပါတယ်။

နိုင်ငံရေး ပညာရှင်တဦးဖြစ်တဲ့ Samuel Popkin ကတော့ နိုင်ငံရေးအသိပညာဗဟုသုတ အားနည်းတဲ့ နိုင်ငံသားတွေဟာ ဒီမိုကရေစီမူဝါဒတွေရဲ့ အပေးအယူ debates တွေ၊ ပြည်သူ့ရေးရာ မူဝါဒအားနည်းချက်တွေကို သေသေချာချာ ခွဲခြား ဆန်းစစ်မှုတွေ မပြုလုပ်နိုင်ပဲ ဖြစ်စဉ်တွေ၊ အကြောင်းအရာတွေ၊ မူဝါဒတွေထက် လူပုဂ္ဂိုလ်ပေါ်မှာ မူတည်ပြီး ရွေးချယ်မှုတွေ လုပ်လေ့ရှိကြတယ်လို့ ဆိုထားပါတယ်။ ဒါကြောင့်လဲ နိုင်ငံရေးအသိပညာ သင်းကွပ်ခံထားရတဲ့ အာဏာရှင်စနစ် နိုင်ငံတွေနဲ့ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲ နိုင်ငံတွေမှာ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုပေါ် အခြေပြုတဲ့ ခေါင်းဆောင်ရွေးချယ်မှုတွေ၊ နိုင်ငံရေးအကြောင်းအရာထက် နိုင်ငံရေးဇာတ်ကောင်ကို အသားပေးမှုတွေ၊ မင်းလောင်းမျှော်မှုတွေ၊ တကိုယ်တော် ဟီးရိုးဝါဒကို ထောက်ခံအားပေးမှုတွေ ထွက်ပေါ်နေတာ ဖြစ်ပါတယ်။ ဒါတွေဟာ ဒီမိုကရေစီစနစ် အမြစ်တွယ် ခိုင်မာရှင်သန်ရေးအတွက် အတားအဆီး၊ အနှောင့်အယှက်တွေပါပဲ။

Civic Education, Political Education တွေနဲ့ ပတ်သက်ပြီး ဘယ်လောက်အတိုင်းအထိ နိုင်ငံသားတိုင်း သိထားသင့်သလဲ ဆိုတာကို အငြင်းပွားနေကြဆဲ ဖြစ်ပေမယ့် နိုင်ငံသားတွေဟာ မူဝါဒရေးရာတွေမှာ ကျွမ်းကျင်ပညာရှင်ဖြစ်စရာ မလိုဘူး ဆိုတာကိုတော့ လူအများက လက်ခံထားကြပါတယ်။ ဒါပေမယ့် နိုင်ငံရေးရာနဲ့ ပတ်သက်ပြီး reasonable civic judgement ကို လုပ်နိုင်မယ့် အခြေခံ ဗဟုသုတနဲ့ အရည်အချင်းကိုတော့ နိုင်ငံသားတိုင်း ပိုင်ဆိုင်ထားသင့်တယ် ဆိုတာကိုလဲ လက်ခံလာကြပြီး၊ သင့်လျော်မယ့် civic education နဲ့ civics assessment စတာတွေကို နိုင်ငံတော် အစိုးရတွေက အကောင်အထည် ဖော်လာကြပါတယ်။

နိုင်ငံသားကောင်းဆိုတာ မွေးကတည်းက ဖြစ်လာတာမဟုတ်ပဲ လုပ်ယူရတာဖြစ်တယ် ဆိုတဲ့ အဆိုကို လက်ခံလာကြတာနဲ့ အမျှ နိုင်ငံတနိုင်ငံရဲ့ အနာဂတ်ခေါင်းဆောင် လူငယ်တွေကို political socialization လုပ်ရာမှာ လိုအပ်မယ့် civic education ရဲ့ အခန်းကဏ္ဍကိုလဲ ထည့်သွင်း စဉ်းစားလာကြပါတယ်။ ဒီနေရာမှာ အခြေခံပညာရေးအဆင့်အတန်း မြင့်မားမှုဟာ လူတွေရဲ့ နိုင်ငံရေးဗဟုသုတ ရယူနိုင်မှုနဲ့ နိုင်ငံရေးမှာ ပါဝင်ပတ်သက်မှု သဏ္ဍာန်ကို အကျိုးသက်ရောက်မှု ရှိတာကြောင့် အခြေခံပညာရေး အဆင့်အတန်းမြင့်မားရေးကလဲ ကဏ္ဍတခုအနေနဲ့ ပါဝင်လာပါတော့တယ်။ ပညာရေး အင်စတီကျူးရှင်းတွေ မဟုတ်တဲ့ မိသားစု၊ လူမျိုးစု၊ နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်း၊ နိုင်ငံရေးဖြစ်ရပ်တွေကနေ civic formation ပေါ်ကို သက်ရောက်မှုတွေကိုလဲ ထည့်သွင်း စဉ်းစားလာကြပါတယ်။ Mass Media တွေကတဆင့် လူငယ်တွေကို civic knowledge, political knowledge တွေ ဖြန့်ဖြူးပေးနိုင်မယ့် နည်းလမ်းတွေကိုလဲ တီထွင်အကောင်အထည် ဖော်လာကြပါတယ်။ စာသင်ခန်းတွေ၊ သင်တန်းတွေနဲ့ class-room based education ကို ပိုပြီး ဦးစားပေးသင့်သလား၊ community-based experiences တွေကို ဦးစားပေး အကောင်အထည်ဖော်သင့်သလား ဆိုတာကိုတော့ ပညာရှင်တွေ၊ မူဝါဒချမှတ်သူတွေကြားမှာ အမြင်ကွဲလွဲမှုတွေ ရှိနေဆဲပါပဲ။ ဘယ်လိုပဲဖြစ်ဖြစ် civic education ကို စနစ်တကျ အကောင်အထည်ဖော်နိုင်ပြီး civic knowledge တွေ လူငယ်တွေအကြား၊ နိုင်ငံသားတွေအကြားမှာ ပျံ့နှံ့သွားဖို့က အရေးကြီးဆုံးပဲ ဖြစ်ပါတယ်။

## civic knowledge ၏ အရေးပါမှု

civic knowledge ရဲ့ အရေးပါပုံနဲ့ ပတ်သက်ပြီး နိုင်ငံရေးပညာရှင်တွေက သုတေသနပြု လေ့လာဆန်းစစ်ချက်တွေ လုပ်ခဲ့ကြပါတယ်။ လေ့လာဆန်းစစ်ချက်တွေအရ civic knowledge ရှိခြင်းအားဖြင့် နိုင်ငံသားတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်အကျိုးစီးပွားကို သိမြင်လာကြပါတယ်။ နိုင်ငံသားအခွင့်အလမ်းတွေကို ပိုပြီး သိမြင်လာကြပါတယ်။ အခွင့်အလမ်းတွေကို သိမြင်လာတာနဲ့ အမျှ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေရဲ့ ကိုယ်ပိုင်အကျိုးစီးပွားတွေအပေါ် သက်ရောက်မှုတွေကို တွေ့မြင်လာကြပါတယ်။ Delli နဲ့ Keeter တို့ရဲ့ လေ့လာဆန်းစစ်ချက်များအရ နိုင်ငံရေးဗဟုသုတဟာ ကိုယ်ပိုင်အကျိုးစီးပွားကို သိမြင်နားလည်ခွင့်ကို ပေးစွမ်းနိုင်ပါတယ်။ အဲဒီကနေတဆင့် ကိုယ်ပိုင်အကျိုးစီးပွားနဲ့ ပြည်သူ့ရေးရာကိစ္စရပ်တွေကို ဆက်စပ်ပေးပါတယ်။ ဒီလို ဆက်စပ်ပေးရာကနေတဆင့် နိုင်ငံရေးကို သိမြင်နားလည်တဲ့ ပြည်သူလူထုဟာ အစိုးရတရပ်ရဲ့ လုပ်ငန်းဆောင်တာတွေ၊ မူဝါဒတွေကို အကဲဖြတ်ဆန်းစစ်နိုင်လာပါတယ်။ ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်ပွဲတွေမှာ ဆိုရင် ဘယ်လိုပါတီနဲ့ ဘယ်လိုအမတ်လောင်းဟာ သူတို့ရဲ့ အကျိုးစီးပွားကို အကောင်းဆုံးအကောင်အထည်ဖော်ပေးနိုင်မလဲဆိုတာကို တွက်ချက်ရွေးချယ်နိုင်လာပါတယ်။ ဒါကြောင့် civic knowledge ဟာ စနစ်တခု ထွန်းကားရေးကို ဖော်ဆောင်ပေးနိုင်ပါတယ်။

civic knowledge နဲ့ ပတ်သက်တဲ့ နောက်ထပ်အကျိုးကျေးဇူးတခုကတော့ ပြည်သူ့ရေးရာနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေ၊ နိုင်ငံရေးရာတွေမှာ အချိန်ကာလနဲ့ အညီ လိုက်လျောညီထွေရှိတဲ့ နိုင်ငံရေးအမြင်တွေ ရှိနေစေတာပဲ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ နိုင်ငံရေးအတွေးအခေါ်၊ အသိပညာတွေကို လေ့လာတဲ့ ပညာရှင်တွေက နိုင်ငံရေးဗဟုသုတနဲ့ နိုင်ငံရေးအမြင် တည်ငြိမ်မှု အကြားမှာ သိသာထင်ရှားတဲ့ ဆက်နွယ်မှုတွေ ခိုင်ခိုင်မာမာရှိကြောင်း လေ့လာတွေ့ရှိခဲ့ကြပါတယ်။

civic knowledge နဲ့ ပတ်သက်တဲ့ နောက်ထပ် အကျိုးကျေးဇူးတခုကတော့ နိုင်ငံသားတွေဟာ နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး ပြောင်းလဲမှုအခြေအနေတွေကို သေသေချာချာ ခွဲခြားသိမြင်နိုင်ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုကို မသိမြင်တဲ့ နိုင်ငံသားတယောက်ဟာ အချိန်အခါ၊ အခြေအနေနဲ့ အညီ ဖြစ်ပေါ်လာတဲ့ ပြောင်းလဲမှုတွေထဲမှာ ဘယ်လို တုန့်ပြန်ဆောင်ရွက်ရမယ်ဆိုတာကို နားမလည်နိုင်ပါဘူး။ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲမှုတွေနဲ့အတူ ထွက်ပေါ်လာတတ်တဲ့ အတွေးအခေါ် ရှုပ်ထွေးမှုတွေအကြားမှာ နဝေတိမ်တောင်နဲ့ မျက်စိလည်နေတတ်ပါတယ်။ အမှန်နဲ့အမှား၊ အနိုင်နဲ့ အရှုံးတွေကို မခွဲခြားတတ်တော့ဘူး ဖြစ်နေတတ်ပါတယ်။ အားကစားပွဲတခုကို ကစားနည်း (rule of game) နားမလည်ပဲ ဘေးကနေ ထိုင်ကြည့်နေရသလိုပါပဲ။ ဥပမာ- ဘောလုံးကစားနည်းကို နားမလည်ပဲ ဘောလုံးပွဲထိုင်ကြည့်တဲ့အခါ အနီဝတ်ထဲ ဘောလုံးရောက်လိုက်၊ အဖြူဝတ်ထဲ ဘောလုံးရောက်လိုက် ဖြစ်နေတာတွေ လိုက်ကြည့်ရင်း အနီဝတ်က ကန်တဲ့ ဂိုးလဲ အားပေး၊ အဖြူဝတ်က ကန်တဲ့ ဂိုးလဲ လက်ခုပ်ထတီးနဲ့ ဘောလုံးဆိုတာ ဂိုးတိုင်ထဲ ရောက်သွားရင် ပြီးတာပဲဆိုတာမျိုးတွေ ဖြစ်နေတတ်တာပါ။

civic knowledge မရှိသူတွေဟာ နိုင်ငံရေးခေါင်းဆောင်ရွေးချယ်တဲ့အခါမှာ အများပြည်သူအကျိုးစီးပွား၊ ကိုယ်ပိုင်အကျိုးစီးပွားကို ဆောင်ကျဉ်းပေးနိုင်မယ့် မူဝါဒရေးရာ ချမှတ်ပေးနိုင်မှုနဲ့ ရွေးချယ်ဆုံးဖြတ်နိုင်မှု မရှိပဲ လူတွေရဲ့ ရုပ်လက္ခဏာ၊ လူအများကြား ရေပန်းစားမှု အစရှိတဲ့ ဥပဒေပြုရေး၊ မူဝါဒရေးဆွဲချမှတ် အကောင်အထည်ဖော်ရေး အရည်အချင်းတွေနဲ့ မဆိုင်တဲ့ အချက်တွေကို ထည့်သွင်းစဉ်းစားလေ့ရှိ ကြကြောင်း ပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြပါတယ်။ အာရှ၊ အာဖရိက နိုင်ငံတွေက ပြည်သူလူထုတွေဟာ နိုင်ငံရေးအသိပညာ ဗဟုသုတတွေ အားနည်းတာကြောင့် တိုင်းပြည်ကို အမှန်တကယ် အကျိုးပြုနိုင်မယ့် နိုင်ငံရေးသမားတွေကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်မှုမှာ အားပျော့ပြီး ဒီမိုကရေစီ နောက်ပြန်ဆွဲမှု ပြဿနာ

တွေ၊ စစ်အာဏာသိမ်းမှု ပြဿနာတွေ၊ ဒီမိုကရေစီ ရှင်သန်ထွန်းကားရေး နှောင့်နှေးမှု ပြဿနာတွေကို ရင်ဆိုင်ကြရတာ ဖြစ်ကြောင်း လေ့လာသုံးသပ်သူတွေက ဆိုခဲ့ကြပါတယ်။

civic knowledge နဲ့ ပတ်သက်တဲ့ နောက်ထပ် အကျိုးကျေးဇူးတခုကတော့ နိုင်ငံသားတွေဟာ ပြည်သူ့ရေးရာ ကိစ္စရပ်တွေမှာ တက်တက်ကြွကြွ စိတ်ဝင်စားလာပြီး နိုင်ငံတော်ရဲ့ ချမှတ်ထားတဲ့ vision နဲ့ objectives တွေကို ပူးပေါင်းပါဝင် အကောင်အထည်ဖော်လာကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်အုပ်ချုပ်သူတွေနဲ့ နိုင်ငံသားတွေအကြားမှာ အပြန်အလှန် လေးစားမှုနဲ့ ယုံကြည်မှုတွေ တိုးပွားလာတာ ဖြစ်ပါတယ်။ အစိုးရနဲ့ ပြည်သူအကြားမှာ ညီညွတ်မှု ရှိလာစေပြီး၊ ပြည်သူလူထုရဲ့ အစိုးရ လုပ်ငန်းဆောင်တာတွေအပေါ် လျစ်လျူရှုမှုတွေ လျော့နည်းလာစေနိုင်ပါတယ်။ လျစ်လျူရှုမှုဟာ ကြောက်ရွံ့စိုးထိတ်မှုရဲ့ ဖခင်ဖြစ်ပြီး၊ အသိဉာဏ်ဗဟုသုတဟာ ယုံကြည်မှုရဲ့ မိခင်ဖြစ်တယ်လို့ ပညာရှင်တွေက ဆိုထားခဲ့ကြပါတယ်။ အထူးသဖြင့် political debates တွေ ပြင်းထန်နေတဲ့ အချိန်တွေ၊ တော်လှန်ရေးကာလတွေမှာ နိုင်ငံရေး ဗဟုသုတ အားနည်းသူတွေဟာ political issues တွေရဲ့ အမှားနဲ့ အမှန်ကိစ္စတွေကို ခွဲခြားသုံးသပ်မှု မပြုလုပ်နိုင်တော့ပဲ ဘက်နှစ်ဘက်က characters တွေရဲ့ အားနည်းချက်တွေကိုပဲ ကြည့်လာတတ်ကြပါတယ်။ အဲဒီကနေတဆင့် `ဘယ်သူမှ အဖြူထည်မဟုတ်ပါဘူး။ ဖြူစင်တဲ့ သူရဲကောင်း (white knights) တွေ ဆိုတာ မရှိပါဘူး ဆိုတဲ့ အမြင်တွေ ဝင်လာပြီး plague on both your houses ဆိုတဲ့ ရပ်တည်ချက်တွေကို ကိုင်စွဲလာတတ်ကြပါတယ်။ နိုင်ငံရေးနားလည်သူတွေအတွက်က နိုင်ငံရေး တိုက်ပွဲတွေ၊ debates တွေကို ကြက်တောင်ကစားပွဲလို မြင်ပေမယ့် နားမလည်သူတွေအတွက်ကတော့ ဒါဟာ မုန့်လုပွဲပါပဲ။ ဒါကြောင့် civic knowledge တွေ လူထုအကြားမှာ ပျံ့နှံ့လာဖို့က အလွန်အရေးကြီးပါတယ်။

civic knowledge ရဲ့ နောက်ထပ် အကျိုးကျေးဇူးတခုကတော့ လွတ်လပ်စွာ ကွဲပြားခြင်းကို နားလည်လက်ခံလာစေမှုပဲ ဖြစ်ပါတယ်။ နိုင်ငံသားအခွင့်အလမ်းနဲ့ နိုင်ငံသားလွတ်လပ်ခွင့်ကို နားလည်သူတွေဟာ ကွဲပြားခြားနားတဲ့ လူမျိုးစုတွေအကြား အပြန်အလှန်ယုံကြည်မှုနဲ့ နားလည်မှုကို တည်ဆောက်နိုင်ပါတယ်။ နိုင်ငံသားအခွင့်အလမ်းနဲ့ လူမျိုးရေး အခွင့်အလမ်းတွေကို ကွဲကွဲပြားပြား သိမြင်နားလည်ပြီး အငြင်းပွားမှုတွေကို ကွင်းကွင်းကွက်ကွက် ဖြေရှင်းနိုင်ပါတယ်။ နိုင်ငံသားအားလုံးရဲ့ ပညာရေး အဆင့်အတန်း တိုးတက် မြင့်မားလာတာနဲ့ အမျှ အသိပညာနဲ့ နားလည်နိုင်စွမ်း တိုးမြင့်လာမှုတွေဟာ social centrality အဆင့်အတန်းတွေအတွက် နေရာလုမှုတွေကနေ ထွက်ပေါ်လာတဲ့ ဆိုးကျိုးတွေကို ကျော်လွှားပေးစေနိုင်ပါတယ်။ civic knowledge ဟာ နိုင်ငံရေးဖြစ်စဉ်တွေကို သေသေချာချာ သိမြင်နားလည်ပြီး rational manner နဲ့ ပြုမူ ဆောင်ရွက်တတ်လာအောင် တွန်းအားပေးပါတယ်။ ဒါကြောင့် civic knowledge ဟာ နိုင်ငံတနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်တဲ့ ပြည်သူလူထုရဲ့ နိုင်ငံရေးအမြင်၊ အတွေးအခေါ်၊ အယူအဆ၊ ပြုမူဆောင်ရွက်မှုတွေကို အကျိုးသက်ရောက်မှု ရှိစေတယ်ဆိုတာ ထင်ရှားလှပါတယ်။

## နိဂုံး

နိဂုံးချုပ်ဆိုရရင် civic education ဆိုတာ တိုင်းပြည်တခုရဲ့ လူအဖွဲ့အစည်း အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံရေး တည်ငြိမ်မှုရှိရေး၊ နိုင်ငံတနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေအတွက် မရှိမဖြစ် လိုအပ်ချက် တခုပဲ ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံ အပါအဝင် အာဏာရှင်စနစ် ထွန်းကားတဲ့ နိုင်ငံတွေနဲ့ ဒီမိုကရေစီ စနစ်အသွင်ကူးပြောင်းဆဲ နိုင်ငံအများစုတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်နှေးနေစေတဲ့ အကြောင်းရင်းတွေထဲမှာ နိုင်ငံသားတွေရဲ့ နိုင်ငံရေးအသိပညာနဲ့ အတွေးအမြင် အားနည်းမှုတွေကလဲ အကြောင်းရင်းတခုအနေနဲ့ ပါဝင်ပါတယ်။ နိုင်ငံသားတယောက်ဟာ ကိုယ်ပိုင်အကျိုးစီးပွားအတွက် မိမိတို့ရဲ့ ရပိုင်ခွင့် အခွင့်အလမ်းတွေနဲ့ တိုင်းပြည်တခုလုံးရဲ့ အမျိုးသားအကျိုးစီးပွားကို သိမြင်ခြင်း မရှိတဲ့အခါ ကိုယ်ပိုင်အကျိုးစီးပွားနဲ့ အ

မျိုးသား အကျိုးစီးပွားအကြားက ချိန်ခွင်လျှာကိုလဲ ဘယ်လိုမှ ထိန်းညှိနိုင်မှာ မဟုတ်ပါဘူး။ ဒါတွေဟာ လူတဦးချင်းရဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်တွေ ဆုံးရှုံးခြင်း ဖြစ်စေသလို နိုင်ငံတနိုင်ငံရဲ့ အနာဂတ်ကိုပါ ဆုတ်ယုတ်ပျက်စီးစေနိုင်ပါတယ်။ ဒါကြောင့်လဲ နိုင်ငံအများစုမှာ သက်ဆိုင်ရာ အစိုးရတွေက ဦးဆောင်ပြီး civic education ဆိုင်ရာ မူဝါဒတွေကို ချမှတ် အကောင်အထည်ဖော်နေကြပါတယ်။ အစိုးရတွေက အကောင်အထည်ဖော်ခြင်း မရှိတဲ့ နိုင်ငံတွေမှာလဲ ပြည်သူမှ ပြည်သူသို့ အသိပညာပြန်လည်ဖြန့်ဖြူးပေးခြင်း နည်းလမ်းကို အသုံးပြုပြီး သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတွေအတွင်းမှာ လူထုပညာပေးခြင်းတွေ ပြုလုပ်နေကြပါကြောင်း တင်ပြလိုက်ရပါတယ်။

(မြန်မာ့လူ့အဖွဲ့အစည်းအတွင်း civic knowledge များ ထွန်းကားလာစေရန် ရည်သန်လျက်)

ခင်မမမျိုး (၃၊ ၆၊ ၂၀၁၀)

## ရည်ညွှန်းကိုးကား။ ။


Campbell, D. E. (2000) Making Democratic Education Work: Schools, Social Capital and Civic Education, Program on Education and Policy, Harvard University

Elkin, S.K., Soltan K.E., eds (1999) Citizen Competence and Democratic Institutions, University Park, The Pennsylvania University

Hildreth R.W. (2000) Theorizing Citizenship and Evaluating Public Achievement, Political Science and Politics, 33, pp.627-632

Popkin S.L, Dimock M.A. (2000) 'Knowledge, Trust and International Attitudes' in Lupia, A,; McCubbins, M; Poplin S.L (eds) In Elements of Reason: Understanding and expanding the Limits of Political Rationality, Cambridge University Press

Zaller J. R. (1992) The Nature and Origins of Mass Opinion, Cambridge University Press